# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၃၀ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၉ - ၃ - ၂၀၁၅ ]
# (ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၀ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **သံတောင်ကြီး မြို့နယ်၊ တောင်ငူ - သံတောင် - ဘောဂလိ ကားလမ်းပေါ်ရှိ ပလက်ဝ ကြိုးတံတားကို အမြန်ဆုံးဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း၊

( ခ ) ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **မလှိုင်မြို့နယ်၊ မလှိုင်-ချောင်းရိုး လမ်းအဆင့် မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း၊

(ဂ) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ဘူးသီးတောင်မြို့နယ်၊လောင်းချောင်းအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ်အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော်တာတမံကို ညောင်ပင်ကြီး၊ ကပ်ချောင်း၊ ကံပြင်၊ မြင်းကန်းချောင်းနှင့် ရွှေလောင်းတင် ကျေးရွာများအထိ တိုးချဲ့တည်ဆောက်ပေးရန်၊ ဆားငန်ရေဝင်ရောက်သဖြင့် လယ်ဧကထောင်ချီ၍ ပျက်စီးသွားသော လယ်သမားများအား ထောက်ပံ့ငွေနှင့် မျိုးစပါးများပေးရန် နှင့် ပန်ဇင်းမော်၊ ဆားပြင်ချေ ၊ ညောင်ပင်ကြီးကျေးရွာများတွင် အသက်ကယ်ကုန်းမြင့် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်များ၌ ဖော်ထုတ်နေသော ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်သည့် ဒေသများနှင့် ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ခ ) ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ဂ ) ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

(ဃ) ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

( င ) ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( စ ) ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

၁၁။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ဒီမိုကရေစီပညာရေး စစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည်သူကိုယ်စားလှယ်များ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမတွင် ကြားနာခဲ့သည့် အစီအစဉ်ကို ထုတ်လွှင့်ပြသခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၀ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၃၁ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။